# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ၁၁၁၁၁။

## CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR
CABLE: CATHWEL

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868/511040 - Receptionist
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com


Ref 64 R/2016

CBCM YANGON
17 DEC 2016
Port N.................. Pos..................

မြန်မာ့ငြိမ်းချမ်းရေးနှစ် ၂၀၁၇

ချစ်ခင်လေးစားရပါသော ညီအစ်ကိုမောင်နှမအပေါင်းတို့

"မြန်မာပြည်မှ စစ်ပွဲများအားလုံးရပ်စဲကြပါ၊ ခြိုးခြံဝါရှောင်၍ ဆုတောင်းမှုပြုခြင်းဖြင့် ၂၀၁၇ – ခုနှစ်ကို ငြိမ်းချမ်း ရေးနှစ်ဖြစ်ပါစေ" ဟု ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ချားလ်စ်ကာဒီနယ်ဘို ရေးသားပေးပို့သော နိုးဆော်စာကိုလက်ခံရရှိပါသည်။ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှလည်း ယင်း အဆိုပြုချက်ကိုတစ်လုံးတစ်ဝတည်းထောက်ခံပါသည်။ နှစ်ပေါင်း ၆၀ ကျော်ဖြစ်နေသောပြည်တွင်းစစ်သည် တိုင်းပြည်ကို ဆင်းရဲတွင်းထဲသို့ပို၍နစ်အောင်ဆွဲချနေပါသည်။ မီးကိုမီးနှင့် ငြိမ်းသတ်ရန်ကြိုးစားရင်း တိုင်းပြည်မွဲပြာကျနေ ပြီဖြစ်သည်။ စစ်ကိုစစ်နှင့်တိုက်၍ ငြိမ်းချမ်းရေးမရနိုင်ပါ။ ငြိမ်းချမ်းရေးသည်တိုက်ယူ၍ ရသောအရာမဟုတ်၊ ပိုက်ယူမှသာ ရရှိနိုင်ပါသည်။ သေနတ်အစားငြိမ်းချမ်းရေးကို ထွေးပိုက်ထားကြရပါ မည်။ မြန်မာနိုင်ငံကို ငြိမ်း ချမ်းစေချင်သောသူတို့တွင် ကျွန်ုပ်လည်းပါဝင်သည်ဟူသော ခံစားချက်ကို စိတ်ထဲ တွင်သာ မျိုသိပ်မထားဘဲ ထုတ်ဖော်ပြသရန်အချိန်တန်ပြီဖြစ်သည်။

ထို့ကြောင့် ၂၀၁၇ – ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကို "မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ဆုတောင်း ခြင်းနှင့် ခြိုးခြံ ဝါရှောင်ရာနေ့ရက်" အဖြစ်သတ်မှတ်ကာ မိမိတို့နှင့် သက်ဆိုင်သောဘုရားကျောင်းများတွင် စုပေါင်း ဆုတောင်းခြင်း၊ ခြိုးခြံဝါရှောင်ခြင်းများပြုလုပ်ရန် အနူးအညွတ်တိုက်တွန်းလိုပါသည်။ သွားရောက် ဆုတောင်းရာတွင်လည်း "စစ်ပွဲများရပ်စဲကြပါ" ဟူသောရင်ထိုးတံဆိပ်များ၊ ဗီနိုင်းများသယ်ဆောင်ကာ အခြားသူများကိုလည်း အသိတရားပေးကြစေလိုပါသည်။

အခြားသောညီအစ်ကိုဘာသာဝင်များကိုလည်း သူတို့၏ စေတီ၊ ကျောင်း၊ ဗလီတို့တွင်သွားရောက် ဆုတောင်းကြရန် တိုက်တွန်းပေးစေလိုပါသည်။ ဖြစ်နိုင်လျှင် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ စုပေါင်းဆု တောင်းခြင်းများ ပြုလုပ်စေလိုပါသည်။

စုပေါင်းဆုတောင်းခြင်းဖြင့် တောင်တစ်တောင်ကိုရွေ့နိုင်ခဲ့ပြီဖြစ်သည်။ နောက်ထပ်တောင်တစ်လုံး ကို ရွေ့ရန် ဇန်နဝါရီလ (၁) ရက်နေ့တွင် အတူတကွစုပေါင်း ဆုတောင်းကြပါစို့။

ခရစ်တော်၏ နာမတော်၌

+ P. Zahawng

ဆရာတော်ဖီလစ်ဇဟောင်း
အကြွေကြွေအတွင်းရေးမှူး
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂(က) ပြည်လမ်း၊ စမ်းချောင်းမြို့နယ်
မြေနီကုန်း၊ ရန်ကုန်မြို့။

ဆရာတော်ဖီလစ် လျန်ခင်းထန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂(က)ပြည်လမ်း၊ စမ်းချောင်းမြို့နယ်
မြေနီကုန်း၊ ရန်ကုန်မြို့။